ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

National Community Driven Development Project

လူထုဗဟိုပြုစီမံကိန်း၊ ဖရူဆိုမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်



## ဘီယာကျေးရွာ၊ ဟိုယာအုပ်စု

၂၀၁၈ခုနှစ်

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## မာတိကာ


၁။ဖရူဆိုမြို့နယ်အခြေပြမြေပုံ.......... 2

၂။ဟိုယာကျေးရွာအုပ်စုမြေပုံ .......... 3

၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း .......... 4

၄။ကျေးရွာအခြေခံအချက်အလက်များ.......... 5

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် အကျဉ်းချုပ်ဇယား .......... 6

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ .......... 8

**ကျေးရွာအရင်းအမြစ်ပြမြေပုံ** .......... 8

**ရာသီခွင်ပြ ပြက္ခဒိန်** .......... 10

**ကျား/မ ပင့်ကူအိမ် သုံးသပ်ခြင်း(Cob Web)** .......... 13

**ကျေးရွာအရင်းအမြစ် အသုံးချမှုမြေပုံ** .......... 15

**အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ**.......... 17

**ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ချက်** .......... 19

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ .......... 21

၈။ဘီယာ ကျေးရွာ၏စီမံကိန်းအထောက်အကူပြု ကျေးရွာကော်မတီဝင်များစာရင်း.......... 22

၉။ကျေးရွာအချတ်အလတ်( ပုံစံ-၁ ) .......... 23


၁၀။စီမံချက်စက်ဝန်းအချိန်ဇယား( ပုံစံ -၂) .......... 26

၁၁။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ( ပုံစံ-၃ ) .......... 27


၁၂။ဘီယာ ကျေးရွာအစည်းအဝေးမှတ်တမ်းများ.......... 29

၁၃။ကဏ္ဍာအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ.......... 31

# ၁။ဖရူဆိုမြို့နယ်အခြေပြမြေပုံ



## ၂။ဟိုယာကျေးရွာအုပ်စုမြေပုံ



## ၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| စဉ် | ကျေးရွာ | အိမ်ခြေ | လူဦးရေ | | |
|---|---|---|---|---|---|
| | | | ကျား | မ | စုစုပေါင်း |
| ၁။ | ဒိုမိုခို | ၄၀ | ၁၀၀ | ၁၀၈ | ၂၀၈ |
| ၂။ | ဒိုရော(အောက်) | ၂၉ | ၇၀ | ၆၀ | ၁၃၀ |
| ၃။ | ဒိုရော(အထက်) | ၂၅ | ၆၁ | ၆၀ | ၁၂၁ |
| ၄။ | ဘီယာ | ၁၁၆ | ၂၃၀ | ၂၉၅ | ၅၂၅ |
| ၅။ | ဟိုယာ | ၁၀၅ | ၂၈၀ | ၂၅၅ | ၅၃၅ |
| ၆။ | လီရှုပရား | ၄၅ | ၉၉ | ၇၀ | ၁၆၉ |
| ၇။ | ထေခို | ၈၉ | ၁၆၀ | ၂၁၀ | ၃၇၀ |
| ၈။ | ဟူမိုထီ | ၄၂ | ၁၄၇ | ၁၀၈ | ၂၅၅ |
| ၉။ | ရှီခီးဘူး | ၁၆ | ၃၇ | ၅၇ | ၉၄ |

## ၄။ကျေးရွာအခြေခံအချက်အလက်များ

ဘီယာကျေးရွာတွင် လူဦးရေဖြင့် ကျား(၂၃၇) မ(၂၈၅) စုစုပေါင်း(၅၂၅)ဦးရှိပြီး အိမ်ခြေ (၁၁၆)အိမ်ဖြင့် တည်ရှိထားသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ ဘီယာကျေးရွာသည် ဖရူဆိုမြို့၏ အနောက်ဖက်ခြမ်းတွင် တည်ရှိပါသည်။ ဟိုယာကျေးရွာနှင့် အနောက်မြောက်ဘက် ၄မိုင်ခန့် အကွာတွင် တည်ရှိပါသည်။ကယောလူမျိုးစုများသာ နေထိုင်ကြပြီး တောင်ယာ၊ လယ်ယာလုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် အသက်မွေးဝမ်းကြောင်းပြုကြရပါသည်။ခရစ်ယာန်ဘာသာကို အဓိကထားပြီး ကိုးကွယ်ယုံကြည်ကြပါသည်။ သဘာဝဘေးအန္တရာယ်အနေဖြင့် လွန်ခဲ့သောနှစ်တွင် တောမီးလောင်ခြင်း ဖြစ်ပွားခဲ့ဖူးပါသည်။ ဘီယာကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ စပါး၊ငရုတ်၊ပြောင်း တို့သာဖြစ်ပြီး တောင်ယာ၊လယ်ယာလုပ်ငန်း လုပ်ကိုင် ခြင်းစနစ်ဖြင့် အသက်မွေးဝမ်းကြောင်း ပြုကြပါသည်။ အဓိက စီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပါသည်။ ဘီယာကျေးရွာတွင် နေထိုင်သူများ၏ အဓိကအသုံးပြုနေသော လူသားအရင်းအမြစ်များမှာ ပန်းရံ၊ လက်သမား၊ သစ်ခုတ် ၊ဝါးခုတ်သမားတို့ အနည်းငယ်ရှိပြီး အဆောက်အအုံများဖြစ်ကြသည့် ဘုရားကျောင်း၊ စာသင်ကျောင်းနှင့် လူနေအိမ် အရင်းအမြစ်များ ရှိပါသည်။ ထို့အပြင် သဘာဝအရင်းအမြစ်များ ဖြစ်ကြသည့် သစ်၊ ဝါး၊ ကျောက်၊ သဲနှင့် သစ်တောဧရိယာများနှင့် စိမ့်စမ်းရေ ၊ ရေချောင်းများစသည့်သဘာဝ အရင်းအမြစ်များကို အသုံးပြုကြသောကျေးရွာလေးတစ်ရွာ ဖြစ်ပါသည်။မိမိတို့ ကျေးရွာသည် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့ နယ်နိမိတ်ချင်းထိစပ်နေသော ကျေးရွာလေးတစ်ရွာလည်း ဖြစ်ပါသည်။ ကျေးရွာအနေအထားအရ တောတောင်ထိပ်တစ်နေရာတွင် တည်ရှိထားသော ကျေးရွာလေးတစ် ရွာလည်း ဖြစ်ပါသည်။ မိမိတို့ကျေးရွာအတွင်း၌လည်း ဘာသာရေးဘုရားကျောင်းများ ၊ အခြေခံမူလတန်း ကျောင်း ၊ မူကြိုကလေးများကျောင်း စသောကျောင်းတို့ဖြင့် တည်ရှိထားပါသည်။ မိမိတို့ကျေးရွာတွင် မွေးမြူရေးအဖြင့် ကျွဲ ၊ နွား ၊ ဝက် ၊ ကြက် ၊ ဆိတ်တို့ကို မိမိတို့၏ကိုယ်ပိုင် အဖြစ်မွေးမြူထားကြပါသည်။ မိမိတို့ကျေးရွာသည် တောတောင်ထူထပ်သောကြောင့် သစ်တောထွက်ပစ္စည်းများ လည်းထွက်ရှိပါသည်။ မိမိတို့ကျေးရွာတွင် ဘိုးဘွားစဉ်ဆက်ကပင် တည်ရှိထားသော ကျေးရွာလေးတစ်ရွာလည်း ဖြစ်ပါသည်။ မိမိတို့ ကျေးရွာသည် တောတောင်ထူထပ်သောကြောင့် စိမ့်လန်းစိုစွတ်ကာ အလွန်သာယာဖွယ်ကောင်းလှသော ကျေးရွာလေးတစ်ရွာလည်း ဖြစ်ပါသည်။ ဘိုးဘွားတို့၏ အမွေအနှစ်များ ဖြစ်ကြသော ကယောရိုးရာ လက်ဝတ် လက်စား ရတနာများလည်း ပေါကြွယ်ဝလှသော ကျေးရွာလေးတစ်ရွာလည်း ဖြစ်ပါသည်။ မိမိတို့ကျေးရွာသည် ဟိုယာကျေးရွာအုပ်စုတွင် ဒုတိယအကြီးဆုံးသော ကျေးရွာတစ်ရွာလည်း ဖြစ်ပါသည်။ သဘာဝသံယဇာတပေါ ကြွယ်ဝသော ကျေးရွာလေးတစ်ရွာလည်း ဖြစ်ပါသည်။ မိမိတို့ကျေးရွာ၏ အအောက်ဖက်ခြားတွင်လည်း စမ်းချောင်းစီးဆင်းလိုက် ရှိပါသည်။ ဒီမောဆိုမြို့နယ်နှင့် ဖရူဆိုမြို့နယ် တို့၏နယ်နိမိတ်ချင်း ထိစပ်ထားသော ကျေးရွာလေးတစ်ရွာလည်းဖြစ်ပါသည်။ မိမိတို့ကျေးရွာသည် တောတောင်ထူထပ်သောကြောင့် စိမ်းလန်းစိုပြင် သောကြောင့် အလွန်သာယာက နေချင်းစဖွယ်ကောင်းသော ကျေးရွာလေးတစ်ရွာလည်း ဖြစ်ပါသည်။

## ၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ | ၂၅.၁၀.၂၀၁၇ | ရပ်မိရက်ဖ၊ ကော်မတီဝင်၊ ကျေးရွာလူထု များ အားလုံး | ၂၂ | ၄၃ | ၆၅ | အခြေခံအဆောက်အဦများ၊ လုပ်ပန်းဆက်သွယ်ရေးအခြေ အနေ၊ လယ်ယာမြေများ၊ ရေထွက်ပေါက်၊ ရေလှောင် ကန်၊ သစ်တောများ |
| ၂ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း | ၂၅.၁၀.၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ | ၂၂ | ၄၃ | ၆၅ | ကျေးရွာလူမှုစီးပွားရေးကို အုပ်စုများခွဲခြားသတ်မှတ်နိုင် ရေးအတွက်အခြေခံစံနှုန်းများ သတ်မှတ်ရန် အများလူထု သဘောတူသတ်မှတ်ခြင်း |
| ၃ | ကျား/မရေးရာ ကဏ္ဍ | ၂၅.၁၀.၂၀၁၇ | ကျေးရွာအတွင်းရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၂၂ | ၄၃ | ၆၅ | ကျေးရွာအတွင်းရှိအရင်းအမြစ်၊ ပိုင်ဆိုင်မှု၊ အခြေခံအဆောက်အ ဦး စသောလုပ်ငန်းများကို ဘယ်သူတွေက အသုံးပြု၊ ထိမ်းချုပ်နေသလဲဆိုတာကို ဆွေးနွေးမှုများ ပြုလုပ်ခြင်း |
| ၄ | ပင့်ကူအိမ် ကွန်ယက် | ၂၅.၁၀.၂၀၁၇ | အမျိုးသားများနှင့် အမျိုးသမီးများ၊ ကျေးရွာလူထု | ၂၂ | ၄၃ | ၆၅ | အမျိုးသားများနှင့်အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိမှုနှင့် မရရှိ သည့် အကြောင်းအရင်းများ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၅ | အဖွဲ့အစည်း ချိတ်ဆက်ပုံ | ၂၅.၁၀.၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ ကျေးရွာစီထောက်အဖွဲ့ ကျေးရွာလူထု | ၂၂ | ၄၃ | ၆၅ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်း များနှင့် မည်သို့သောလုပ်ငန်းများ အတွက် မည်သည့်အဖွဲ့များ ချိတ်ဆက်လုပ်ကိုင်မှုရှိခြင်း |
| ၆ | ရာသီခွင်ပြ ပြက္ခဒိန် | ၂၅.၁၀.၂၀၁၇ | ကော်မတီဝင်များ၊ အမျိုးသမီး/သား ဆင်းရဲနွမ်းပါးသူ | ၂၂ | ၄၃ | ၆၅ | စိုက်ပျိုးရိတ်သိမ်းကာလ (တောင် ယာ၊လယ်ယာ)၊ စီးပွားရေး/ငွေရှာ (အရောင်းအဝယ်)၊ ပွဲတော်ချိန်၊ မိုးများကာလ၊ ကျန်းမာရေးဆိုး ကာလ၊ ဝင်ငွေအကောင်းဆုံး ကာလ၊ အလုပ်ပါးကာလ၊ ရေရှားကာလ |
| ၇ | အခက်အခဲ/ပြဿနာ | ၂၅.၁၀.၂၀၁၇ | အမျိုးသမီး/သား၊ လူထုအားလုံး | ၂၂ | ၄၃ | ၆၅ | ငွေကြေးအရင်းအနှီးမရှိ၊ လမ်းပန်းဆက်သွယ်ရေး၊ မီးလင်းရေး ရေလုံလောက်မှုမရှိ ဖုန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ စည်းလုံးခြင်းမရှိ။ |
| ၈ | ကျေရွာ၏( ၄ )နှစ်စာ မျော်မှန်းချက်များ | ၂၅.၁၀.၂၀၁၇ | ကျေးရွာလူထု အားလုံး | ၂၂ | ၄၃ | ၆၅ | စီးပွားရေးပိုမိုကောင်းမွန်လာရန်၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ဘာသာရေး ပိုမိုကောင်းမွန်လာ၊ ကျေးရွာစည်းလုံးခြင်း ပိုမိုကောင်းမွန်လာ၊ စားဝတ်နေရေးပိုမိုအဆင်ပြေလာ |
| ၉ | ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ | ၂၅.၁၀.၂၀၁၇ | ရွာလူထု အားလုံး | ၂၂ | ၄၃ | ၆၅ | လမ်း(ကတ္တရာ)၊ မီး(လျှပ်စစ်မီး)၊ ခန်းမဆောင်၊ ရေလှောင်ကန်၊ ရေငုတ်/ပိုက်၊ စာသင်ကျောင်း တိုးချဲ့ |
| ၁၀ | ကျေးရွာဦးစားပေး လုပ်ငန်းစဉ်များ | ၂၅.၁၀.၂၀၁၇ | ရွာလူထု အားလုံး | ၂၂ | ၄၃ | ၆၅ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အဆင့် သတ်မှတ်ခြင်း၊ တိုင်းတာခြင်း၊ ခန့်မှန်းကုန်ကျငွေ တွက်ချက်ခြင်း၊ အကျိုးခံစားခွင့် ရှိသူလူဦးရေ |
| ၁၁ | ကျေးရွာသမိုင်း အကျဉ်းချုပ် | ၂၅.၁၀.၂၀၁၇ | အမျိုးသမီး/သား၊ လူထုအားလုံး | ၂၂ | ၄၃ | ၆၅ | အိမ်ခြေ၊ လူဦးရေ၊ လူမျိုး၊ ဘာသာစသော ကျေးရွာသမိုင်း အချက်အလက် အဆင့်ဆင့်များ ကို ဖော်ထုတ်ခြင်း |

# ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

## ကျေးရွာအရင်းအမြစ်ပြမြေပုံ




## ရည်ရွယ်ချက်

ဘီယာကျေးရွာ၏ လူမှုရေးပြမြေပုံ သုံးသပ်ရခြင်း ၏ ရည်ရွယ်ချက်မှာ ကျေးရွာတည်နေရာ အနေအထားနှင့် ဘာသာရေး ကိုးကွယ်ယုံကြည်မှုပုံစံ၊လမ်းပန်းဆက်သွယ်ရေး၊ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး အခြေ အနေ နှင့် ရေရရှိမှုစသည့် အခြေအနေများကို သိရှိနိုင်စေရန်အတွက် ရည်ရွယ်ရေးသားခြင်း ဖြစ်ပါသည်။

## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (သုံးသပ်ချက်များ)

ဘီယာကျေးရွာသည် ဖရူဆိုမြို့၏ အနောက်ဖက်ခြမ်းတွင် တည်ရှိပါသည်။ဟိုယာကျေးရွာနှင့် အနောက်မြောက် ဘက် ၄ မိုင်ခန့် အကွာတွင် တည်ရှိပါသည်။ကယောလူမျိုးစု များသာ နေထိုင်ကြပြီး တောင်ယာ ၊ လယ်ယာလုပ်ငန်း လုပ်ကိုင်ခြင်းဖြင့် အသက်မွေးဝမ်းကြောင်း ပြုကြရပါသည်။ ခရစ်ယာန်ဘာသာ ကိုအဓိကထားပြီး ကိုးကွယ်ယုံကြည်ကြပါသည်။ ရွာတွင်းလမ်းသည် ကျောက်ကြမ်းလမ်း အနည်းငယ်နှင့် ရွာချင်းချိတ်ဆက်လမ်း အများစုမှာ မြေသားလမ်းများဖြင့် ဖောက်လုပ်ထားပါသည်။ ဘီယာကျေးရွာတွင် စာသင်ကျောင်း၊ ဘုရားကျောင်း၊ ဆေးပေးခန်း၊ မူကြိုကျောင်း၊ ဘော်လုံးကွင်းတို့ ရှိပါသည်။ ရေတွင်းနှင့် မိုးရေလှောင်ကန်များ ရှိသော်လည်း နွေရာသီတွင် သောက်သုံးရေများ လုံလောက်မှုမရှိကြပါ။ ရွာဘေးပတ်ဝန်းကျင်တွင် တောင်ယာစိုက်ခင်းများ၊ လယ်ယာစိုက်ခင်းများ ၊ သစ်တောကြိုးဝိုင်းများနှင့် လယ်ကွင်းများဝန်းရံလျက်ရှိပြီး တောတောင်များဖြင့် သာယာလှသော ကျေးရွာတစ်ရွာလည်းဖြစ်ပါသည်။ ဘီယာကျေးရွာသည် ဟိုယာ ၊ ထေခို ၊ ဒိုမိုခို ၊ ဒေါ်ရောခူအုပ်စု စသောကျေးရွာများဖြင့် နယ်နိမိတ်ချင်း ထိစပ်နေသော ကျေးရွာတစ်ရွာလည်း ဖြစ်ပါသည်။ ဘီယာကျေးရွာသည် ကျန်းမာရေးအရ ကုသမှုခံယူရာတွင် မိမိတို့ကျေးရွာအုပ်စုဖြစ်သော ဟိုယာကျေးရွာအထိ သွားရောက်ကုသမှုခံယူရပါသည်။ မိမိတို့ကျေးရွာသည် တောတောင်၏အထိပ်လောက်တွင် တည်ရှိသောကျေးရွာတစ်ရွာဖြစ်သောကြောင်း အလွန်သာယာလှသော ကျေးရွာတစ်ရွာလည်းဖြစ်ပါသည်။ မိမိတို့ကျေးရွာတွင် မွေးမြူရေးအဖြင့် ကျွဲ ၊ နွား ၊ ဝက် ၊ ကြက် ၊ ဆိတ်တို့ကို မိမိတို့၏ကိုယ်ပိုင်မွေးမြူရေးအဖြစ် မွေးမြူထားကြပါသည်။ မိမိတို့ကျေးရွာသည် တောတောင်ထူထပ်သော ကြောင့် သစ်တောထွက်ပစ္စည်းများ လည်းထွက်ရှိပါသည်။ မိမိတို့ကျေးရွာတွင် ဘိုးဘွားစဉ်ဆက်ကပင် တည်ရှိထားသော ကျေးရွာလေးတစ်ရွာလည်း ဖြစ်ပါသည်။ မိမိတို့ ကျေးရွာသည် တောတောင်ထူထပ်မ်း သောကြောင့် စိမ့်လန်းစိုစွန့်ကာ အလွန်သာယာဖွယ်ကောင်းလှသော ကျေးရွာလေးတစ်ရွာလည်း ဖြစ်ပါသည်။ ဘိုးဘွားတို့၏ အမွေအနှစ်များ ဖြစ်ကြသော ကယောရိုးရာ လက်ဝတ် လက်စား ရတနာများလည်း ပေါကြွယ်ဝလှသော ကျေးရွာလေးတစ်ရွာလည်း ဖြစ်ပါသည်။ မိမိတို့ကျေးရွာသည် ဟိုယာကျေးရွာအုပ်စုတွင် ဒုတိယအကြီးဆုံးသော ကျေးရွာတစ်ရွာလည်း ဖြစ်ပါသည်။ သဘာဝသံယဇာတပေါ ကြွယ်ဝသော ကျေးရွာလေးတစ်ရွာလည်း ဖြစ်ပါသည်။ မိမိတို့ကျေးရွာ၏ အအောက်ဖက်ခြားတွင်လည်း စမ်းချောင်း စီးဆင်းလိုက် ရှိပါသည်။ ဒီမောဆိုမြို့နယ်နှင့် ဖရူဆိုမြို့နယ် တို့၏နယ်နိမိတ်ချင်း ထိစပ်ထားသော ကျေးရွာလေး တစ်ရွာလည်းဖြစ်ပါသည်။ မိမိတို့ကျေးရွာသည် တောတောင်ထူထမ်းသောကြောင့် စိမ်းလန်းစိုပြင် သောကြောင့် အလွန်သာယာက နေချင်းစဖွယ်ကောင်းသော ကျေးရွာလေးတစ်ရွာလည်း ဖြစ်ပါသည်။

## ရာသီခွင်ပြ ပြက္ခဒိန်



## ရည်ရွယ်ချက်

ဘီယာကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန် ရေးဆွဲရခြင်း၏ ရည်ရွယ်ချက်မှာ ကျေးရွာ၏ စိုက်ပျိုးရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိမှု၊ ရာသီဥတုနှင့် ရိုးရာပွဲတော်များကို သိရှိစေရန်အတွက် ရည်ရွယ်ရေးသား ရခြင်းဖြစ်ပါသည်။


## ရာသီခွင်ပြ ပြက္ခဒိန်၏သုံးသပ်ချက်

ဘီယာကျေးရွာ၏ ရာသီဥတုတွင် ဇန်နဝါရီ ၊ ဖေဖော်ဝါရီလတို့တွင် အေးချမ်းသောဆောင်းရာသီဖြစ်ပြီး မတ် ၊ဧပြီ ၊မေလတို့တွင် ပူပြင်းသောရာသီဖြစ်သည်။ ဇွန် ၊ဇွန်လိုင် ၊ဩဂုတ် ၊စက်တင်ဘာလတို့တွင် မိုးရွာသီအချိန်ကာလ ဖြစ်ပြီး အောက်တိုဘာ ၊ နိုဝင်ဘာ ၊ ဒီဇင်ဘာလတို့တွင် ဆောင်းရာသီအချိန်ကာလတို့ဖြင့် တစ်နှစ်တာလုံးအချိန် ကာလဖြင့် လည်ပတ်သွားလာနေပါသည်။ မိမိတို့ကျေးရွာသည် ၄င်းရာသီဥတုတို့သည် လည်း အမျိုးမျိုးပြောင်းလဲကာ ပြောင်းလဲခြင်းအပေါ်ကိုလည်း မိမိတို့ကျေးရွာသူ/သားတို့သည် လုပ်ကိုင်ရှန်းကန် ရှာဖွေစားသောက်နေထိုင်ကြပါသည်။ မိမိတို့ကျေးရွာ၏ စိုက်ပျိုးရေးလမ်းစဉ်များတွင် ဇန်နဝါရီ မှ ဖေဖော်ဝါရီလ တို့တွင် တောင်ယာခုတ်ခြင်း၊ လယ်ယာထွန်ခြင်း စသောအကောင်အထည်ဖော်ခြင်း တို့ကို ပြုလုပ်ဆောင်ရွက် ကြပါသည်။ မတ်လတွင် တောင်ယာမီးရှို့ခြင်းများ လုပ်ကိုင်ဆောင်ရွက်ကာ ဧပြီလ မှ မေလအထိတွင် ကောက်ပဲသီးနှံများ စတင်မျိုးကျဲကြပါသည်။ ဇွန်လ မှ စက်တင်ဘာလအထိတွင် ပေါက်လိုက်ခြင်း ၊ ပေါက်ရှင်းလင်းခြင်းများ ပြုလုပ်ဆောင်ရွက် သွားကြပါသည်။ အောက်တိုဘာလ မှ နိုဝင်ဘာလတို့တွင် ကောက်ပဲသီးနှံများ ရိတ်သိမ်းကာ ဒီဇင်ဘာလတို့တွင် သယ်ဆောင်သိမ်းစည်း ဆောင်ရွက်သွားကြပါသည်။ မိမိတို့ကျေးရွာ၏ စီပွားရေး အခြေအနေတို့တွင် ဇန်နဝါရီလ မှ မေလအထိတွင် ကောက်ပဲသီးနှံများ အချို့ရောင်းချက ဝင်ငွေရရှိခြင်း ၊ တောထွက်သစ်ဆွဲခြင်း နှင့် အောက်တိုဘာလ တို့တွင်ဖါလံရောင်းခြင်းတို့ဖြင့် ဝင်ငွေများရရှိကာ စီးပွားရေးဝင်ငွေများ ရရှိပါသည်။ မိမိတို့ကျေးရွာ၏ လမ်းပတ်ဆက်သွယ်ရေး အခြေအနေတွင် ဇန်နဝါရီလ မှ မေလ အထိတွင် နွေဥတုကာလဖြစ်သောကြောင့် သွားလာရာတွင် ကား ၊ ဆိုင်ကယ်တို့ဖြင့် ကောင်းစွာသွားလာနိုင်ပါသည်။ ဇွန်လ မှ စက်တင်ဘာလ အထိတွင် မိုးဥတုကာလ ဖြစ်သောကြောင့် သွားလာရာတွင် အနည်းငယ်အခက်ခဲ့များ ရှိကာ အောက်တိုဘာလ မှ ဒီဇင်ဘာလ အထိတွင်ဆောင်ကာလ ဖြစ်သောကြောင့် ကောင်းစွာဖြင့် ကား ၊ ဆိုင်ကယ်များဖြင့် သွားလာနိုင်သော ကျေးရွာလေးတစ်ရွာလည်း ဖြစ်ပါသည်။ မိမိတို့ကျေးရွာ၏ သောက်သုံးရေရရှိမှု အခြေအနေတွင် ဇန်နဝါရီလ မှ မေလအထိတွင် နွေရာသီ အချိန်ကာလ ဖြစ်သောကြောင့် သောက်သုံးရေရရှိရန် အနည်းငယ် အခက်ခဲ့များရှိကာ ဇွန်လ မှ ဒီဇင်ဘာလအထိတွင် မိုးဥတုနှင့် ဆောင်းရာသီဥတုကာလ ဖြစ်သောကြောင့် သောက်သုံးရေ ရရှိမှုသည် ပိုမိုအဆင်ပြေပါသည်။

မိမိတို့ကျေးရွာ၏ ကျန်းမာရေး အခြေအနေတွင် ဇန်နဝါရီလ မှ မေလအထိတို့တွင် နံစေးချောင်းဆိုးခြင်း နှင့် ဝမ်းလျှော့ဝမ်းပျက်ခြင်းများ ပိုမိုဖြစ်ထွန်းသော ကာလဖြစ်ပါသည်။ ဇွန်လ မှ စက်တင်ဘာလအထိတွင် ငှက်ဖျားရောဂါများ နှင့် တုပ်ကွေးရောဂါများ ပိုမိုဖြစ်ပေါ်လေ့ရှိသော ကာလလည်းဖြစ်ပါသည်။ နိုဝင်ဘာလ မှ ဒီဇင်ဘာလအထိတွင် နံစေးချောင်းဆိုးခြင်း ပိုမိုဖြစ်ပေါ်လေ့ ရှိပါသည်။ ၄င်းရောဂါများ ဖြစ်ပေါ်ခဲ့ပါက ကျေးရွာအတွင်းတွင် နေထိုင်သော ကျန်းမာရေးလုပ်သားထံတွင် ကုသမှုများခံယူကာ ရောဂါလက္ခဏာများ ပိုမို

ဆိုးလာပါက နီးစပ်ရာ ကျန်းမာရေးဌာနခွဲနှင့် ဆေးရုံဆေးခန်းတို့တွင် သွားရောက်ကုသမှုခံယူသွားကြပါသည်။ မိမိတို့ကျေးရွာ၏ ပွဲလန်းသဘင်းများတွင် ဇန်နဝါရီလတွင် နှစ်သစ်ကူးပွဲတော်များကျင်းပကာ ဖေဖော်ဝါရီလ မှ မတ်လတို့တွင် အိမ်သစ်တက်ပွဲများ ကျင်းပပြုလုပ်လေ့ ရှိပါသည်။ မေလတွင် ဘာသာရေးပွဲတော်များ ကျင်းပပြုလုပ်ကာ ဇွန်လိုင်လတွင် မိဘပွဲနေ့တို့နှင့် ဩဂုဏ်လတွင် ဘာသာရေးအသင်းအဖွဲ့များ၏ ပွဲတော်များ ကျင်းပလေ့ရှိပါသည်။ နိုဝင်ဘာလတွင် သချိုင့်ပွဲများနှင့် ဒီဇင်ဘာလတွင် ခရစ္စမတ်ပွဲတော်များ ကျင်းပပြုလုပ် ဆောင်ရွက်လေ့ရှိကြပါသည်။ မိမိတို့ကျေးရွာ၏ ရာသီခွင့်ပြ ပြက္ခဒိန်တွင် ရာသီဥတုအမျိုးမျိုးပြောင်းလဲခြင်း တို့အပေါ်တွင် မူတည်ပြီး ကျေးရွာသူ/သား တို့သည် ရာသီအလိုက်အမျိုးမျိုး သွားလာ လုပ်ရှားကာ နေ့စဉ် လစဉ် နှစ်စဉ်နှင့်အမျှ အမျိုးမျိုးသွားလာ လှုပ်ရှားနေထိုင်ကြသော ကျေးရွာလေးတစ်ရွာလည်း ဖြစ်ပါသည်။ မိမိတို့ကျေးရွာတွင် ရာသီဥတုသည် နှစ်စဉ်နှင့် အမျှ ပြောင်းလဲနေသောကြောင့် မိမိတို့ကျေးရွာ၏အခြေအနေ မျိုးမျိုးတို့သည်လည်း ရာသီအလိုက်ကွဲပြား သွားကြပါသည်။ မိမိတို့ကျေးရွာ၏ ရာသီခွင်ပြက္ခဒိန် ဖော်ပြခြင်းဖြင့် ကျေးရွာ၏ အခြေအနေ အပြောင်းအလဲ လူနေထိုင်ကျက်စားမှု တို့ကိုလည်း ပိုမိုထင်ပေါ်ကာ ကျေးရွာ၏ လိုအပ် ချက်များကိုလည်း ပိုမိုပေါ်လွင်စေပါသည်။

## ကျား/မ ပင့်ကူအိမ် သုံးသပ်ခြင်း(Cob Web)




## ရည်ရွယ်ချက်

ဘီယာကျေးရွာ၏ ကျား/မ ပင့်ကူအိမ် သုံးသပ်ခြင်း၏ ရည်ရွယ်ချက်မှာ ကျေးရွာတွင်ရှိသော အမျိုးသား ၊ အမျိုးသမီးများ၏ အခန်းကဏ္ဍ အသီးသီးတွင် ပါဝင်လုပ်ဆောင်မှု အနေအထားနှင့် ထိုပါဝင်လုပ်ဆောင်မှု များသည် ကွာဟမှု ရှိပါက မည်သည့် အတွက်ကြောင့် ဆိုသည်ကို သိရှိစေရန်အတွက် ရည်ရွယ်ရေးသား ခြင်းဖြစ်ပါသည်။

## ကျား/မ ပင့်ကူအိမ် သုံးသပ်ခြင်း

ဘီယာကျေးရွာ၏ ကျား/မ ပင့်ကူအိမ်အရ လိုအပ်သော ကျား/မအခန်းကဏ္ဍာတွင် ပူပေါင်း ပါဝင်လှုပ်ရှားမှုများကိုသိရှိ နိုင်ပါသည်။ ဘီယာကျေးရွာ၏ ကျား/မ ပင့်ကူအိမ်တွင် ပညာရေးပိုင်းတွင် အမျိုးသား/သမီးတို့သည် တန်းတူညီမျှ သောအခြေအနေတစ်ခုတွင် တည်ရှိပါသည်။ ထိုနောက်တွင် မိမိတို့၏ကျေးရွာအနေအထား အရအိမ်တွင်းမှုပိုင်းကိစ္စ ရပ်တွင် အမျိုးသမီးများသည် အမျိုးသားတို့ထက် အနည်းငယ်ပိုမိုသာနေပါသည်။ ၎င်းပိုသာနေရခြင်းတွင် အမျိုးသားများ သည် စားဝတ်နေရေးဖူလုံမှုအတွက် အဓိကရုန်းကန်နေရသောကြောင့် အနည်းငယ်ပူပေါင်းပါဝင် ဆောင်ရွက်မှုးလျော့နည်းနေပါသည်။ မိမိတို့၏ကျေးရွာ အနေဖြင့် ဦးစီးဦးဆောင်မှုးပိုင်တွင် အမျိုးသားများသည် အမျိုး သမီးတို့ထက် အနည်းငယ်ပိုသာနေပါသည်။ ၎င်းပိုသာရေရခြင်းတွင် ရှေ့အစဉ်အလာကပင် အမျိုးသမီးများ ကျေးရွာ အနေအထားအရ နှင့် စစ်ခေတ်ကာလတို့နှင့်ကြုံတွေ့ခဲ့ရသောကြောင့် ကြောက်ရွံ့စိတ်ပိုမိုလွမ်းမိုးမှုတို့ကြောင့် ယခုလို ဦးစီးဦးဆောင်မှုးပိုင်တွင် အနည်းငယ်ပိုအားလျော့နေရခြင်းလည်း ဖြစ်ပါသည်။ ဘီယာကျေးရွာ၏ မိဘလွှမ်းမိုးမှု နှင့် ပူပေါင်းဆက်သွယ်မှုပိုင်းတွင် တန်းတူတူညီမှုရှိကြပါသည်။ ၎င်းအပိုင်းတွင် မိမိတို့၏နေရာနှင့်တူ နေထိုင်လုပ်ကိုင်သွား လာသော ကျေးရွာလေးတစ်ရွာလည်း ဖြစ်သည်။ မိမိတို့ကျေးရွာ တည်ရှိသော အရင်းအမြစ်အချို့တို့ကိုလည်း အမျိုးသား /သမီးတို့သည် မိမိတို့၏လိုအပ်သော နေရာတွင် လိုအပ်သလို အသုံးချအသုံးပြု ဆောင်ရွက်လည်းရှိသော ကျေးရွာလေးတစ်ရွာလည်းဖြစ်ပါသည်။ အရင်းအမြစ် ပေါကြွယ်ဝသော်လည်း မိမိတို့ကျေးရွာသည် စာပေ ပညာဗဟုသုတ အားနည်းနေမှုတို့ကြောင့် ၎င်းအရင်းအမြစ်များကို ထိရောက်စွာ အသုံးမပြုနိုင်ကြပါသည်။ မိမိတို့ကျေးရွာ၏ ဝင်ငွေရှာဖွေမှုတွင် အမျိုးသားတို့သည် အမျိုးသမီးတို့ထက် အနည်းငယ်ပိုသာနေပါသည်။ ၎င်းတို့ ပိုသာနေရခြင်းမှာ အမျိုးသမီးတို့သည် အိမ်တွင်းမှုပိုင်းတွင်သာ ပိုမိုလုပ်ကိုင်ရုန်းကန်နေရသောကြောင့် အမျိုးသားများ သည် အနည်းငယ်ပိုသာနေရခြင်း ဖြစ်ပါသည်။ မိမိတို့ကျေးရွာ၏ ကျန်းမာရေး လက်လှမ်းမိမှုပိုင်းတွင်လည်း အမျိုးသား နှင့် အမျိုးသမီးတို့၏လက်လှမ်းမိမှုပိုင်းတွင် မသိမ်းမရင်းတန်တူတူညီကြပါသည်။ မိမိတို့ကျေးရွာသည် ကျားမပင့်ကူအိမ်တွင် အမျိုးသားအမျိုးသမီးတို့သည် တူညီသောအပိုင်းတွင် ရှိသလို မတူညီသောအပိုင်းများလည်း ရှိကြပါသည်။ မိမိတို့၏လုပ်ဆောင်မှုပိုင်းအပေါ်တွင် မူတည်ပြီး အနည်းနှင့်အမျ ကွာခြားမှုများရှိကြပါသည်။

## ကျေးရွာအရင်းအမြစ် အသုံးချမှုမြေပုံ



ဘီယာကျေးရွာ အရင်းအမြစ် အသုံးချမှုပြ ဇယား

| | စဉ် | အသုံးပြုသည့် အရင်းအမြစ် | အသုံးချသူ | ထိန်းချုပ်သူ |
|---|---|---|---|---|
| [illegible] | ၁။ | သစ်၊ ဝါး | ကျား + မ | ကျား |
| | ၂။ | ကျောက်၊ သဲ | ကျား + မ | ကျား |
| | ၃။ | သစ်တော | ကျား + မ | ကျား + မ |
| [illegible] | ၄။ | ဘုရားကျောင်း | ကျား + မ | ကျား |
| | ၅။ | စာသင်ကျောင်း | ကျား + မ | ကျား+မ |
| | ၆။ | လူနေအိမ် | ကျား + မ | ကျား+မ |
| | ၇။ | လက်သမား | ကျား+မ | ကျား |
| | ၈။ | ပန်းရံဆရာ | ကျား + မ | ကျား + မ |


## ရည်ရွယ်ချက်

ဘီယာကျေးရွာ၏ ကျေးရွာ အရင်းအမြစ်အသုံးချမှုမြေပုံကို ရေးဆွဲရခြင်း၏ ရည်ရွယ်ချက်မှာ ထိုကျေးရွာရှိ လူသားအရင်းအမြစ်နှင့် သဘာဂအရင်းအမြစ်များကို မည်သူက အသုံးပြုပြီး ထိုအရင်းအမြစ်များကို အသုံးပြုရန် မည်သူကဆုံးဖြတ်၊ ထိန်းချုပ်သည်ကို သိရှိရန်အတွက် ရည်ရွယ်ရေးသားခြင်းဖြစ်ပါသည်။

## ကျေးရွာအရင်းအမြစ်အသုံးချမှု မြေပုံ သုံးသပ်ချက်များ

ဘီယာကျေးရွာသူ/သားများ၏ အဓိကအသုံးပြုနေကြသော သဘာဂအရင်းအမြစ်များ ဖြစ်ကြသော မြေယာ ၊ လယ်ယာ ၊ တောင်ကျရေ ၊ ချောင်း ၊ သစ်တော ၊ ဝါးပင် ၊ ဖါလံ ၊ စိမ်းစမ်းရေချောင်း တို့ဖြင့်တည်ရှိထားသော ကျေးရွာတစ်ရွာလည်းဖြစ်ပါသည်။ ၄င်းအရင်းအမြစ်များအပေါ်တွင် ကျား/မတန်းတူ ထိန်းချုပ်လုပ်ကိုင်နေထိုင်ကြပါသည်။ ကျေးရွာ ၏အများသုံးအဆောက်အဦးများ ဖြစ်ကြသော ဘုရားကျောင်း ၊ စာသင်ကျောင်း ၊ မူကြိုကျောင်း ၊ ကျေးလက်ဆေးပေးခန်းတို့ဖြင့် လည်ပတ်တည်ရှိသော ကျေးရွာတစ်ရွာလည်း ဖြစ်ပါသည်။ လူမှုအရင်းအမြစ်များဖြစ်ကြသော လူတွင်အမျိုးမျိုးကွဲပြားခြားနာနေသည်။ ၄င်းတို့မှာ ကျန်းမာရေးအ ပိုင်းတွင် အရံသားဖွားဆရာမ ၊ ပြည်သူ့ကျန်းမာရေး လုပ်သား၊ လက်မှု့ပညာရှင်များ ဖြစ်ကြသော လက်သမား ၊ ပန်ရံ ၊ စက်ပြင်ဆရာ ၊ ရေပိုက်သွယ်သူ စသော လူမျိုးများဖြင့် တည်ရှိ နေထိုင်လှုပ်ရှား သွားလာနေကြသော ကျေးရွာ လေး တစ်ရွာလည်း ဖြစ်သည်။ မိမိတို့ကျေးရွာရှိ ရွာသူရွာသားများ သည် ဖွံ့ဖြိုးလုပ်ငန်းဆောင်ရွက်မှုပိုင်းတွင် အသင်းအဖွဲ့ကော်မတီဝင်များဖြင့် အဖက်ဖက်မှ ပူပေါင်းပါဝင်လုပ် ဆောင်သွားကြပါသည်။ လူမှုဆိုင်ရာ အရင်းအမြစ်များကို မိမိတို့ကျေးရွာရှိရွာလူမှ အမျိုးမျိုးကွဲပြားလှုပ်ရှားသွား လာနေထိုင်သော ကျေးရွာတစ်ရွာလည်းဖြစ်သည်။ မိမိတို့ကျေးရွာတွင် ဘိုးဘွားစဉ်ဆက်က အမွေအနှစ်များဖြစ်သော ကယောရိုးရာ လက်ဝတ်ရတနာများ ပေါကြွယ်ဝသော ကျေးရွာလေး တစ်ရွာလည်း ဖြစ်ပါသည်။ အထက်ဖော်ပြထားသော အရင်းအမြစ်များ အားလုံးကို ကျေးရွာတွင်နေထိုင်သော ကျေးရွာလူထုတို့မှ ပူပေါင်းလုပ်ကိုင် ရှာဖွေသုံးစွဲ သွားလာလှုပ်ရှား နေထိုင်သော ကျေးရွာလေးတစ်ရွာလည်း ဖြစ်ပါသည်။ ကျေးရွာအနေဖြင့် စီးပွားရေး အဖြစ် သုံးစွဲနိုင်သော အရင်းအမြစ်အချို့တို့ရှိနေသော်လည်း ပညာဗဟုသုတအားနည်းမှုတို့ကြောင့် ၄င်းအရင်း အမြစ်များတို့ကို ကောင်းစွာအသုံးမပြုနိုင်ခဲ့ကြပါ။ ၄င်းအရင်းအမြစ်တို့ကို အသုံးပြုနိုင်ရန်အတွက် အခြားသော ထောက်ပံ့မှုပေးနိုင်သော အဖွဲ့အစည်းများလည်း လိုအပ်နေပါသေးသည်။ မိမိတို့၏ကျေးရွာသည် သဘာဝအရင်းအ မြစ်ပေါကြွယ်ဝသော ကျေးရွာလေးတစ်ရွာ ဖြစ်သောကြောင့်နေချင်စဖွယ်ကောင်းလှပါသည်။

## အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ




## ရည်ရွယ်ချက်

ဘီယာကျေးရွာတွင် ပြဇာလွှမ်းမိုးမှု ရှိသောလူများ၊အုပ်စုများနှင့် ဆုံးဖြတ်ချက်ချရာတွင် အမျိုးသား/သမီး ပါဝင်မှုအခြေအနေ ကျေးရွာတွင်းရှိ ကျေးရွာဖွံ့ ဖြိုးရေး ချိတ်ဆက်ဆောင်ရွက် မှုအခြေအနေ များကိုသိရှိနိုင်စေရန် အတွက် ရည်ရွယ်ရေးသားခြင်းဖြစ်ပါသည်။

## အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက်များ

ဘီယာကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံတွင် အဖွဲ့အစည်းချိတ်ဆက်မှုအားဖြင့် အဖွဲ့ပေါင်း (၂၇)လောက်ဖြင့် ချိတ်ဆက်ဖွဲ့စည်း တည်းရှိထားကြသော ကျေးရွာလေးတစ်ရွာလည်း ဖြစ်ပါသည်။ ကျေးရွာ၏အဖွဲ့အစည်း မှုတွင် ပြင်တွင်းအဖွဲ့အစည်း ချိတ်ဆက်မှု နှင့် ပြင်ပအဖွဲ့အစည်း ချိတ်ဆက်မှုများဖြင့်လည်း____ခွဲခြားစိတ်ဖြာလို့ရပါသည်။ မိမိတို့ကျေးရွာ၏ ရွာတွင်းချိတ်ဆက်ထားသော အဖွဲ့အစည်းများမှာ အုပ်စုအုပ်ချုပ်ရေးမှူး ၊ ကျေးရွာဥက္ကဌ ၊ ဆယ်အိမ်မှူး ၊ ကျေးရွာလူငယ် ၊ မယ်တော်သမီး ၊ အားနာအသင်း ၊ CA အသင်း ၊ အတွင်းရေးမှူး ၊ ကျေးရွာလူထု စသော အဖွဲ့အစည်းများဖြင့် ချိတ်ဆက်ဖွဲ့စည်းထားသော ကျေးရွာလေးတစ်ရွာလည်း ဖြစ်ပါသည်။ ၄င်းအဖွဲ့အစည်း များဖြင့် ကျေးရွာအတွင်းတွင် လိုအပ်သော ကျေးရွာဖွံ့ဖြိုးရေး အခန်းဂဏ္ဍာန်းတွင် မိမိတို့၏ တာဝန်းအလိုက်ပူးပေါင်း ပါဝင်လုပ်ဆောင်သွားကြပါသည်။ မိမိတို့ကျေးရွာ၏ ပြင်ပအဖွဲ့အစည်းများဖြစ်ကြသော လဝကရုံး ၊ နတလ ၊ ပြည်နည်အစိုးရ ၊ မြို့နယ်ဆေးရုံ ၊ ပညာရေးရုံ ၊ မြို့နယ်ရဲစခန်း ၊ စိုက်ပျိုးရေးရုံ ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်း ၊ လူထုဗဟိုပြုစီမံကိန်းအဖွဲ့အစည်း စသဖြင့် အဖွဲ့အစည်းတို့နှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများကို ပူးပေါင်းလက်တွဲလုပ်ကိုင် ဆောင်ရွက်သွားကြပါသည်။ မိမိတို့ကျေးရွာ၏ ရွာတွင်းချိတ်ဆက်မှုပိုင်းတွင်လည်း ၄င်းတို့သည် ကျေးရွာအတွင်းတွင် ဖြစ်ပေါ်နေသော အခက်ခဲများ ဖွံ့ဖြိုးရေးလမ်းစဉ်များတို့ လိုအပ်သလို မိမိတို့အဖွဲ့အစည်းတို့နှင့် ချိတ်ဆက်ကာ အတူပူးပေါင်း လုပ်ဆောင်သွားကြပါသည်။ ကျေးရွာ၏သာရေး ၊နာရေးတို့တွင်လည်း ကျေးရွာသူ/သားတို့နှင့်အတူ ပူပေါင်းဆောင်ရွက်သွားကြပါသည်။ ကျေးရွာ၏အဓိကလိုအပ်သော ကျေးရွာဖွံ့ဖြိုးရေးတို့တွင် လိုအပ်သော ထောက်ပံ့မှုမျိုးစုံတို့ကို သက်ဆိုင်ရာ မြို့နယ်ရှိဌာနဆိုင်ရာများနှင့်လည်း ပူးပေါင်းလုပ်ကိုင်အကောင်အထည်ဖော် ဆောင်ရွက်သွားကြပါသည်။ ကျေးရွာ၏လိုအပ်သော ဖွံ့ဖြိုးရေးအထောက်အပံတို့ကိုလည်း မြို့နယ်ရှိဌာနဆိုင်ရာများ နှင့်အတူ လိုအပ်သော အဖွဲ့အစည်းတို့နှင့်လည်း ပူးပေါင်းချိတ်ဆက်လုပ်ကိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြပါသည်။ မိမိတို့၏ကျေးရွာ၏ ဖွံ့ဖြိုးမှုပိုင်းတို့တွင် ကျေးရွာ၏နေရာအနေအထားအရ လိုအပ်သော ချိတ်ဆက်မှုတို့သည်လည်း လိုအပ်နေပါသေးသည်။ မိမိတို့ကျေးရွာရှိ ကျေးရွာလူထုတို့သည်လည်း လိုအပ်သလို ပူပေါင်းပါဝင်လုပ်ဆောင်သွားရန် လိုအပ်နေပါသေးသည်။ ကျေးရွာ၏ဖွံ့ဖြိုးရေးပိုင်းတွင်လည်း အကောင်းဆုံးဖြစ်လာ နိုင်ရန်အတွက် လိုအပ်သော ဖွဲ့စည်းချိတ်ဆက်မှုတို့သည်လည်း အထူးလိုအပ်နေပါသည်။ မိမိတို့ကျေးရွာသည် တောတောင်ဒေသဖြစ်သောကြောင့် ဖွဲ့စည်းချိတ်ဆက်မှုများစွာနှင့် အတူ ကျေးရွာလူထုတို့ပိုမိုပူးပေါင်းပါဝင် ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

## ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ချက်



## ဥစ္စနေကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်းမြေပုံ သုံးသပ်ချက်များ

ဘိယာကျေးရွာတွင် ဥစ္စနေကြွယ်ဝမှု အဆင့်သတ်မှတ်ရာတွင် အဆင့်(၃) ဆင့်ဖြင့်ခွဲခြား သတ်မှတ်ထားပါသည်။ အဆင်ပြေဆုံးသောအုပ်စု၊ အဆင်ပြေသောအုပ်စုနှင့်အဆင် မပြေသော အုပ်စုဟူ၍ သတ်မှတ်ထားပါသည်။ အဆင်ပြေဆုံးသော အုပ်စုဟူပြီး သတ်မှတ်ထားသော အုပ်စု၏ လက္ခဏာ ရပ်များမှာ စိုက်ပျိုးမြေ၊ ကျွဲ၊ နွား၊ဈေးဆိုင်၊ဖာလာခြံ၊ ဒညင်းခြံ ၊ဆိုင်ကယ်နှင့်ပျဉ်ထောင်အိမ် စသော ပိုင်ဆိုင်မှုတို့ဖြင့် တည်ရှိနေသောကြောင့် သတ်မှတ်ထားရခြင်း ဖြစ်ပါသည်။၎င်းတို့တည်ရှိနေရခြင်းမှာလည်း ဘိုဘွားတို့၏ပိုင်ဆိုင်မှုတို့ကြောင့် ပိုမိုတည်ရှိနေခြင်းလည်း ဖြစ်ပါသည်။ ထိုသို့ပိုင်ဆိုင်သောအုပ်စုများမှာ မိမိတို့ကျေးရွာတွင် အိမ်ခြေအားဖြင့် (၁၅) အိမ်ရှိပါသည်။ အဆင်ပြေသောအုပ်စုများ သည် စိုက်ပျိုးမြေ ၊ ဒညင်းခြံ ၊ နွား များ နှင့် ပျဉ်ထောင်အိမ်ပိုင်ဆိုင်တည်ရှိထားသော မိသားစုများဖြစ်ကြပါသည်။ ထိုသို့ပိုင်ဆိုင်သော မိသားစုများမှာ အိမ်ခြေအားဖြင့် (၇၀) အိမ်တည်ရှိပါသည်။ အဆင်မပြေသော အုပ်စုများမှာ ဝါးအိမ်၊စိုက်ပျိုးမြေ အနည်းငယ်ပိုင် ဆိုင်ကြပြီး မိသားစု စုစုပေါင်းအိမ်ခြေဦးရေမှာ (၂၅) အိမ်ဖြစ်ပါသည်။ တနည်းအားဖြင့် တစ်ရက်လုပ်တစ်ရက်စားဖြင့် သွားလာလှုပ်ရှားနေထိုင်ကြသော မိသားစုများ ဖြစ်ကြပါသည်။ ထိုသို့ ဥစ္စာဓနေ အဆင့်သတ်မှတ်ခြင်းဖြင့် ကျေးရွာတွင်ရှိသော မပြေလည်ဆုံးသော အုပ်စုများကိုသိရှိရပြီး ထိုသို့သိရှိရခြင်းဖြင့် စီမံကိန်းလုပ်ငန်းခွဲများ ဆောင်ရွက်ရာတွင် ထိုသို့သောအုပ်စု များပိုမိုပါဝင်လာနိုင်စေရန် နှင့် ထိုသူတို့အတွက် အခွင့်အလမ်းကောင်းများ ဖန်တီးပေးနိုင်ရန်နှင့် ထည့်သွင်းစဉ်းစားနိုင် စေရန်အတွက် ရည်ရွယ်ပြီးဖော်ညွှန်းထားရခြင်း ဖြစ်ပါသည်။ မိမိတို့ကျေးရွာ၏ ဥစ္စဓနအခြေနေသည် အလွန်အဆင်ပြေနေကြသော မိသားစုဝင်များမဟုတ်ဘဲ တနည်းအားဖြင့် နေ့စဉ်နှင့်အမျှသွားလာလှုပ်ရှား ရုန်းကန်ကာ မှီတင့်နေထိုင်ကြသော ကျေးရွာလေးတစ်ရွာလည်း ဖြစ်ပါသည်။

## ၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ






## ၈။ဘီယာ ကျေးရွာ၏စီမံကိန်းအထောက်အကူပြု ကျေးရွာကော်မတီဝင်များစာရင်း

| စဉ် | အမည် | ကျား/မ | | ရာထူး/ တာဝန် |
|---|---|---|---|---|
| ၁ | ဦးသန်းအောင် | ကျား | | ကျေးရွာစီ/ထောက် ဥက္ကဌ |
| ၂ | ဒေါ်တရေးဇာ | | မ | ကျေးရွာစီ/ထောက် ဥက္ကဌ |
| ၃ | ဦးအိုင်ဇက် | ကျား | | စောင့်ကြည့်၊ ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၄ | ဒေါ်လူဆီးယာကီးဒူ | | မ | စောင့်ကြည့်၊ ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၅ | ဦးမာနွေးလယ် | ကျား | | ဝယ်ယူရေးဆပ်ကော်မတီ |
| ၆ | ဒေါ်မိုသဲအူ | | မ | ဝယ်ယူရေးဆပ်ကော်မတီ |
| ၇ | ဦးကဲဒိုအီ | ကျား | | လည်ပတ်ရေးနှင့် ပြင်/ထိန်းဆပ်ကော်မတီ |
| ၈ | ဒေါ်ခလိုးလီအူ | | မ | လည်ပတ်ရေးနှင့် ပြင်/ထိန်းဆပ်ကော်မတီ |
| ၉ | ဦးကျားအီ | ကျား | | ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးကော်မတီ |
| ၁၀ | ဒေါ်ကယောမို | | မ | ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးကော်မတီ |
| ၁၁ | ဦးထွန်းအီ | ကျား | | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၂ | ဒေါ်တရေးဇာ | | မ | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၃ | ဒေါ်မောနီးကာ ဒိုရှိမို | | မ | ကျေးရွာစာရင်းကိုင် |
| | **ကော်မတီဝင်စုစုပေါင်း** | ၆ | ၇ | ၁၃ ဦး |

# ၉။ကျေးရွာအချက်အလက် ( ပုံစံ-၁ )



လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

**ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)**

*လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။*

| | | | |
|---|---|---|---|
| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် - [illegible] | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် [illegible] | |
| ပြည်နယ်၊တိုင်းဒေသကြီး ကယား | မြို့နယ် ဖရူဆို | ကျေးရွာအုပ်စု ဟိုယာ | ကျေးရွာ ဘီယာ |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယော | ၁၁၆ | ဘာသာ (၁) ခရစ်ယာန် | ၁၁၆ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစု (၄) ------------ | | | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၃ | ခရစ်ယာန် | ၃ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၀ | ခရစ်ယာန် | ၁၀ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ကယော | ၂၂၅ | ၂၃၀ |
| လူမျိုးစု (၂) ------------ | | |
| လူမျိုးစု (၃) ------------ | | |
| လူမျိုးစု (၄) ------------ | | |
| လူမျိုးစု (၅) ------------ | | |
| အိမ်ထောင်ဦးစီး | ၉၅ | ၂၅ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☑ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်စင်းလမ်း (circled) | မြေသားလမ်း | လူသွားလမ်း | အခြား ______________ |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

**(ဃ) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်**

ဝိုင်းပါ

**(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား?** — **ရှိပါသည်**/မရှိပါ/မသိပါ [illegible]

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် 2014/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင် 5.4/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် 00: 30 ------ ထော်လာဂျီ/**မော်တော်ဆိုင်ကယ်**/ခြေလျှင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန် 00: 45 ------ ထော်လာဂျီ/**မော်တော်ဆိုင်ကယ်**/ခြေလျှင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☒ ရှိပါသည် ရှိလျှင်ဖော်ပြပါ [illegible]

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) [illegible] ကော်မတီ

(၂) အားကစား အသင်း၊ အဖွဲ့ ကော်မတီ


ကျေးရွာခေါင်းဆောင် — အမည် [illegible]

လက်မှတ် [signature] — နေ့စွဲ - 24.10.2017

လူထုစည်းရုံးရေးမှူး — အမည် - [illegible]

လက်မှတ် [signature] — နေ့စွဲ -24.10.2017

## ၁၀။စီမံချက်စက်ဝန်းအချိန်ဇယား( ပုံစံ -၂)



ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။


စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဦး နေမင်း လွင်

| | |
|---|---|
| နေ့စွဲ - ၂၄.၁၀.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပါ ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း (၄) |

| | | | |
|---|---|---|---|
| ပြည်နယ်/ဇိုင်း ကယား | မြို့နယ် ဖရူဆို | ကျေးရွာအုပ်စု ဟိုယာ | ကျေးရွာ ဘီယာ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၄.၁၀.၁၇ | ၂၄.၁၀.၁၇ | ၂၂ | ၄၃ | ၆၅ | ၆၅ ကယော |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၅.၁၀.၁၇ | ၂၅.၁၀.၁၇ | ၂၂ | ၄၃ | ၆၅ | ၆၅ ကယော |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၇.၁၁.၁၇ | ၇.၁၁.၁၇ | ၀ | ၃ | ၂ | ၃ ကယော |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၁၂.၁၂.၁၇ | ၁၂.၁၂.၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |

# ၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ( ပုံစံ-၃ )



**ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)**

| | | | |
|---|---|---|---|
| **လမ်းညွှန်ချက်**။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် – ဦးနေဝင်းလှိုင် | | | |
| နေ့စွဲ ၂၅.၁၀.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖရူဆို | ကျေးရွာအုပ်စု ဘီယာ | ကျေးရွာ ဘီယာ |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ကလေးငယ်များ ပညာသင်ယူရာတွင်နေရာ အဆင်မပြေခြင်း။ | ၁ | ကျေးရွာတာဝန်ထမ်းဆောင်သော ဝန်ထမ်းများ နေရာအဆင်မပြေခြင်း။ |
| ၂ | နွေရာသီချိန်တွင် သောက်သုံးရေအလုံအလောက် မရရှိခြင်း။ | ၂ | ကျေးရွာမြေပြုပြင်ရေး နည်းလမ်းများ လက်လှမ်းမမီခြင်း။ |
| ၃ | ကျေးရွာလူထု ကျန်းမာရေး အားကုသမှုခံယူရာတွင် နေရာ အဆင်မပြေခြင်း။ | ၃ | မိုးရာသီတွင် ရွံ့ဗွက်ထူ၍ ကျေးရွာနှင့် ချိတ်ဆက်သွားလာရာ တွင် အဆင်မပြေခြင်း။ |
| ၄ | အခြားကျေးရွာသို့ ကူးသွားရာတွင် အဆင်မပြေခြင်း | ၄ | ကျေးရွာကျန်းမာရေး ကုသမှုခံယူရာတွင် နေရာအဆင်မပြေခြင်း။ |
| ၅ | ကျေးရွာ စိုက်ပျိုးရေး အဆင်မပြေခြင်း။ | ၅ | စိုက်ပျိုးရေး နည်းလမ်းများ လက်လှမ်းမမီခြင်း။ |
| ၆ | ကျေးရွာသို့လာရောက်သော ဝန်ထမ်းများ နေထိုင်ရန် အဆင်မပြေခြင်း။ | ၆ | အခြားကျေးရွာကူးပြောင်းသွားလာရာတွင် အဆင်မပြေခြင်း။ |
| ၇ | ကျေးရွာလူထုများ ဘာသာရေး [illegible] နေရာ အဆင်မပြေခြင်း။ | ၇ | နွေရာသီချိန်တွင် သောက်သုံးရေ မလုံလောက်ခြင်း။ |
| ၈ | ကားလမ်းမြေလမ်းဖြစ်၍ သွားလာရာ အဆင်မပြေခြင်း။ | ၈ | ကလေးငယ်များ ပညာသင်ယူရာတွင် နေရာ အဆင်မပြေခြင်း |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| **အမျိုးသား**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | **အမျိုးသမီး**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကလေးငယ်များ ကောင်းမွန်စွာ သင်ကြားသွားနိုင်ရန်။ | ၁ | ကျေးရွာတာဝန်ထမ်းဆောင်သော ဝန်ထမ်းများ နေရာထိုင်ခင်း အဆင်ပြေစေရန်။ |
| ၂ | ရွာသူရွာသား သောက်သုံးရေ လုံလောက်စွာ ရရှိနိုင်ရန်။ | ၂ | ကျေးရွာမြေပြုပြင်ရေး နည်းလမ်းများ ကောင်းစွာ လက်လှမ်းမီနိုင်ရန်။ |
| ၃ | ကျေးရွာသူ/သားများ ကောင်းစွာ ကျန်းမာရေး ကုသမှု ခံယူနိုင်ရန်။ | ၃ | ရာသီမရွေး [illegible] ကျေးရွာများနှင့် ကောင်းစွာ ချိတ်ဆက်သွားလာနိုင်ရန်။ |
| ၄ | အခြားကျေးရွာများနှင့် ကောင်းစွာ ချိတ်ဆက် သွားလာနိုင်ရန်။ | ၄ | ကျေးရွာသူ/သားများ ကျန်းမာရေး ကုသမှု ကောင်းစွာ ခံယူနိုင်ရန်။ |
| ၅ | စိုက်ပျိုးရေး နည်းလမ်းများ ကောင်းစွာ လက်လှမ်းမီနိုင်ရန်။ | ၅ | စိုက်ပျိုးရေးနည်းလမ်းများ ကောင်းစွာ လက်လှမ်းမီနိုင်ရန်။ |
| ၆ | ကျေးရွာသို့ တာဝန်ထမ်းဆောင်သော ဝန်ထမ်းများ နေရာထိုင်ခင်း အဆင်ပြေစေရန်။ | ၆ | အခြားကျေးရွာများနှင့် ကောင်းစွာ ချိတ်ဆက် သွားလာနိုင်ရန်။ |
| ၇ | ဘာသာရေး [illegible] များကို ကောင်းစွာ [illegible] နိုင်ရန်။ | ၇ | ရာသီမရွေး သောက်သုံးရေ လုံလောက်စွာ ရရှိနိုင်ရန်။ |
| ၈ | ကားလမ်းကြောင်းများ ကောင်းစွာ ရရှိနိုင်ရန်။ | ၈ | ကျေးရွာ ကလေးငယ်များ ကောင်းစွာ ပညာသင်ကြားနိုင်ရန် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | မှိုစိုက်ကျောက်ပြားတည်ဆောက်ခြင်း | ကျား+မ | ၈,၀၀၀,၀၀၀ | ၄၅၅ |
| ၂ | ဆေးပေးခန်းတည်ဆောက်ခြင်း | ကျား+မ | ၈,၀၀၀,၀၀၀ | ၄၅၅ |
| ၃ | ဘုရားကစားကွင်းဆောက်လုပ်ခြင်း | ကျား | ၅,၀၀၀,၀၀၀ | ၄၅၅ |
| ၄ | ချောင်းကူးတံတားတည်ဆောက်ခြင်း | ကျား+မ | ၆,၀၀၀,၀၀၀ | ၄၅၅ |
| ၅ | ရေလှောင်ကန်နှင့်ပိုက်ဖြင့်ဖြန့်ဝေခြင်း | ကျား+မ | ၅,၀၀၀,၀၀၀ | ၄၅၅ |
| ၆ | စာကြည့်တိုက်တည်ဆောက်ခြင်း | ကျား+မ | ၈,၀၀၀,၀၀၀ | ၄၅၅ |
| ၇ | ကလေးကစားကွင်းဆောက်လုပ်ခြင်း | ကျား+မ | | ၄၅၅ |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ဖျော်ဖြေရေးသင်တန်း | မ | |
| ၂ | စိုက်ပျိုးရေးသင်တန်း | ကျား+မ | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဦးသန့်အောင်--- လက်မှတ် ---[signature]--- နေ့စွဲ---၂၅.၁၀.၂၀၁၇

## ၁၂။ဘီယာ ကျေးရွာအစည်းအဝေးမှတ်တမ်းများ

အုပ်စု - ဘီယာ
ကျေးရွာ - ဘီယာ
ဝန်ထမ်းများ - ဒေါ်မင်းလွင်၊ ဖိုးနီ၊ ရတနာဇော်၊ သီရိကျော်

အကြောင်းအရာ ။ ။ အုပ်စု အစည်းအဝေး ကျင်းပပြုလုပ်ခြင်း။

- အုပ်စု အစည်းအဝေးသို့ တက်ရောက်လာသော ကော်မတီဝင်များ နှင့် ဝန်ထမ်းများအား ပြန်လည် မိတ်ဆက်ခြင်း နှင့် အစည်းအဝေး ပြုလုပ်ရခြင်း၏ အစီအစဉ်များ နှင့် ဆွေးနွေးရမည့် အကြောင်းအရာများကို ဆွေးနွေးတင်ပြခဲ့ပြီး။
- ထို့နောက် ဘီယာ အုပ်စု အတွက် အုပ်စု ဦးဆောင် ကော်မတီ နှင့် ဘဏ္ဍာရေးဥက္ကဋ္ဌ၊ စာရင်းကိုင်၊ ငွေကိုင် နှင့် စေတနာ့ အဖွဲ့မှ ကိုင်တွယ်ရေး ကော်မတီဝင်များ အား ပြန်လည် ရွေးချယ်ခဲ့ကြသည်၊ ကျေးရွာ အတိုင်းတိုင်းမှ ကော်မတီဝင်များ အားလုံးမှ သဘောတူ ရွေးချယ်ခဲ့ကြသည်။
- ဆက်လက်ပြီး အုပ်စု အသေးသုံး ငွေခွဲဝေရာတွင် ဘီယာ အုပ်စု အတွင်းမှ ရှိုင်း ကော်သို့ တက်ရာတွင် စားစရိတ် နှင့် ခရီးစရိတ် အတွက် တစ်ဦးကို (၁၀၀၀၀)ကျပ် ဖြင့် သဘောတူ ပြီး အုပ်စု အတွင်း အစည်းအဝေး သင်တန်း ပြုလုပ်ရာတွင် ဘီယာ ကျေးရွာ မှလွဲပြီး ကျန်သော ကျေးရွာများ အား စားစရိတ် (၂၀၀၀) ကျပ် နှင့် ခရီးစရိတ် (၃၀၀၀) ကျပ် ဖြင့် အားလုံးပေါင်း (၅၀၀၀) ကျပ် နှင့် ဘီယာ ကျေးရွာ အတွက် စားစရိတ် (၂၀၀၀) ကျပ်ဖြင့် သဘောတူ ခဲ့ကြပါသည်။
- စီမံကိန်း နှင့် စက်ဝန်း အတွင်း စီမံကိန်း ရရှိသော ကျေးရွာများ အတွက် စီမံကိန်းငွေ ခွဲဝေရာတွင် ဒေါနီကျေးရွာ (ဆင်းမဆောင်) ရေ ၆၀'×၃၀'×၁၂ အတွက် ထောက်ပံ့ငွေသိန်း (၈၀) ခွဲဝေခြင်း၊ ကိုင်းဘူး (ရေလှောင်ကန် နှင့် ပိုက် အတွက် (၂၀'×၁၅'×၈') ထောက်ပံ့ငွေ သိန်း ၈၀ ခွဲဝေခြင်း နှင့် ဆီဂူပရား ကျေးရွာ (ရေလှောင်ကန်) (၄၂'×၁၂'×၈') ရေ အတွက် ထောက်ပံ့ငွေ သိန်း (၅၀) ဖြင့် သဘောတူ ခွဲဝေခဲ့ကြသည်။
- ထို့နောက် ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ နှင့် အစည်းအဝေးများကို ဆွေးနွေးပြီး အစည်းအဝေးကို ပိတ်သိမ်း ခဲ့သည်။

ကျေးရွာ - ဘီယာ

အုပ်စု - ပဒိုယာ

ဝန်ထမ်းများ - ဒေါ်မေခင်းနွယ်၊ ဗိုလ်ကြီး၊ ဂျေတူဘောင်

အကြောင်းအရာ။ ။ ပါ ၃ အကြိမ် ကျေးရွာ အစည်းအဝေး ကျင်းပခြင်း။

- တတိယနှစ်စီမံကိန်းအတွက်ပထမ၊ ဒုတိယအကြိမ် အစည်းအဝေးသို့ တက်ရောက်လာသော ကျေးရွာလူထုများ၊ ကော်မတီဝင်များနှင့် CDD ဝန်ထမ်းများအား မိတ်ဆက်ခြင်းနှင့် စီမံကိန်း၏ အကြောင်းအရာများနှင့် အစည်းအဝေးပြုလုပ်ရခြင်း၏ရည်ရွယ်ချက်၊ စီမံကိန်း၏ ရည်ရွယ်ချက်များကို ပြန်လည်ဆွေးနွေးတင်ပြခဲ့ကြသည်။

- ပြီးခဲ့သော စီမံကိန်း စက်ဝန်း၏ အကြောင်းအရာများကို ဆွေးနွေးရာတွင် အပိုင်းကြီး(၆)ပိုင်း နှင့် အဆင့်(၁၄)ဆင့်၏ အကြောင်းအရာများကို ပြန်လည်ဆွေးနွေးပြီး ဆက်လက်ဆောင်ရွက်ရမည့် အစည်းအဝေးများ၊ အကြောင်းအရာများကို ပြန်လည်ဆွေးနွေးတင်ပြကြသည်။


- ဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်းအတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးတင်ပြခြင်း။

- ကျား/မ ဆိုင်ရာ အကြောင်းအရာပြန်လည်ဆွေးနွေးရာတွင် စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်အားခတန်းတူရရှိမှု၊ ကော်မတီတိုင်းတိုင်းတွင် အမျိုးသမီးပါဝင်မှုနှင့် အုပ်စုဖွဲ့၊ ဆောက် ကော်မတီတွင် ပါဝင်မှုစသည့် အကြောင်းအရာများကို ပြန်လည်ရှင်းပြခြင်း။

- ဝေဖန် အကဲဖြတ်တိုင်ကြားရေးစနစ်ကို ဆွေးနွေးရာတွင် အကဲဖြတ်နိုင်သော အကြောင်းအရာများနှင့် တိုင်ကြားနိုင်သောနည်းလမ်းများနှင့် တိုင်ကြားခြင်း၊ ဖြေရှင်းနိုင်သည့် အကျိုးရလဒ်များကို ပြန်လည် ဆွေးနွေးတင်ပြခြင်း။

- ဆက်လက်ပြီး ကျေးရွာ၏ အခြေခံ အချက်အလက်များဖြစ်သော PRA tools များအား ပြန်လည်ဖြည့်ဆည်းရေးဆွဲကြခြင်း။

# ၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ



နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မှရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | မြင်ပမှုမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ဆည်မြောင်း | ☑မ ☑ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| အသက်မွေးဝမ်းကြောင်း/ စီးပွားရေး | ၁ | [illegible] သင်တန်း | ☑မ ☑ကျား | | |
| | ၂ | စိုက်ပျိုးရေးနည်းပညာ | ☑မ ☑ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| [illegible] | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| [illegible] | ၁ | မူကြိုကျောင်း | ☑မ ☑ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| အခြား | ၁ | [illegible] | ☑မ ☑ကျား | | |
| | ၂ | [illegible] | ☐မ ☑ကျား | | |
| | ၃ | [illegible] | ☑မ ☐ကျား | | |
| | ၄ | [illegible] | ☐မ ☑ကျား | | |
| | ၅ | | ☐မ ☐ကျား | | |